# ဥရောပသမဂ္ဂ **(European Union - EU)** နောက်ဆုံးအသစ်ပြင်ဆင်ထားသည့် ဗီဇာကုဒ် လက်စွဲစာအုပ်ကို အသုံးပြုပြီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ **(Human Rights Defenders – HRDs)** ကို ပိုမိုကောင်းမွန်စွာကာကွယ်ခြင်း

## မိတ်ဆက်

### EU ၏ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ကာကွယ်ရန် ကတိကဝတ်: နှစ် ၂၀ သဘောတူညီချက်

EU နှင့် ၎င်း၏ အဖွဲ့ဝင်နိုင်ငံများသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ (HRDs) ကိုကာကွယ်ရန် နှစ် ၂၀ ကျော်ကြာ အတူတကွ ကတိကဝတ်ထားခဲ့ပါသည်။ EU နှင့် အဖွဲ့ဝင်နိုင်ငံများသည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအား ထောင်ဒဏ်ကျခံနေရစဉ် တွေ့ဆုံခြင်း၊ တရားစီရင်မှုကို စောင့်ကြည့်ခြင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့၏ လုပ်ဆောင်ချက်များအား အသိအမှတ်ပြုခြင်း၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့၏ ကိစ္စများကို ဆွေးနွေးပွဲများတွင် ထည့်သွင်းပြောဆိုခြင်းနှင့် ProtectDefenders.eu မှတဆင့် အရေးပေါ်အကူအညီပေးခြင်းတို့ဖြင့် ထောက်ပံ့ပေးနေပါသည်။
ထို့အပြင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူ အများအပြားသည် တခြားနေရာသို့ ပြောင်းရွှေ့ရန် လိုအပ်နေကြပြီး EU အဖွဲ့ဝင်နိုင်ငံများသည် အန္တရာယ်ရင်ဆိုင်နေရသူ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အား ဗီဇာထောက်ပံ့ပေးသည့် အဓိကအခန်းကဏ္ဍတွင် ပါဝင်လျက် ရှိပါသည်။

### EU ဗီဇာကုဒ် လက်စွဲစာအုပ် (EU Visa Code Handbook) ဆိုတာဘာလဲ။

EU ဗီဇာကုဒ်လက်စွဲစာအုပ်သည် ရေတို ရှန်ဂန် (Schengen) ဗီဇာလျှောက်ရာတွင် သံရုံးဝန်ထမ်းများအတွက် လမ်းညွှန်ချက်ပေးသည့် လက်စွဲစာအုပ်ဖြစ်သည်။ ၎င်းသည် EU ၏ ဗီဇာကုဒ်နှင့် ရှန်ဂန်နယ်စပ်ကုဒ် (Visa Code and Schengen Borders Code) ဟု သိကြသည့် ဗီဇာနှင့် နယ်စပ်ထိန်းချုပ်မှုဆိုင်ရာ ယေဘုယျစည်းမျဉ်းစည်းကမ်းတို့ကို အခြေခံထားပြီး ရက် ၉၀ အထိနေထိုင်ခွင့်အတွက် လျှောက်ထားနိုင်သည်။

ဗီဇာကုဒ် တွင် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် သီးခြားအမျိုးအစား မရှိသော်လည်း၊ ၂၀၂၄ ခုနှစ် ဇွန်လတွင် ပြုလုပ်သည့် နောက်ဆုံး အသစ်ပြင်ဆင်ချက်တွင် ၎င်းတို့၏ လိုအပ်ချက်များကို ပိုမိုကောင်းမွန်စွာဖြေရှင်းနိုင်ရန် လမ်းညွှန်ချက်များကို ထည့်သွင်းပေးထားပါသည်။ ရေရှည်ဗီဇာနှင့် နေထိုင်ခွင့် သက်တမ်းတို့မှာ EU အဖွဲ့ဝင်နိုင်ငံ တနိုင်ငံချင်းစီ၏ တာဝန်လုပ်ပိုင်ခွင့်သာ ဖြစ်နေမည် ဖြစ်ပါသည်။

### ထို အသစ်ပြင်ဆင်ချက်သည် အန္တရာယ်ရှိသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် ဘာကြောင့်အရေးပါပါသလဲ။

ဗီဇာသည် ကာကွယ်မှုပေးရန်နှင့် လုပ်ပိုင်ခွင့်စွမ်းရည်မြှင့်တင်ရန်အတွက် အရေးကြီးသော အရာဖြစ်သည်။ ဤလမ်းညွှန်ချက်အသစ်တို့ကို နားလည်ခြင်းအားဖြင့် သင်၏ ဗီဇာလျှောက်သည့် လုပ်ငန်းစဉ်ကို ပိုမိုထိရောက်စွာ လုပ်နိုင်မည်ဖြစ်ပြီး၊ အထူးသဖြင့် အရေးပေါ်အန္တရာယ်နှင့် ရင်ဆိုင်နေရစဉ်တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ပါမည်။ ဤပြင်ဆင်ချက်များနှင့် သင့်ကိုယ်သင် ရင်းနှီးကျွမ်းဝင်အောင် လုပ်ထားခြင်းက သင့် အခွင့်အရေးအတွက် လှုပ်ရှားမှုပြုလုပ်တောင်းဆိုရန်နှင့် အရေးကြီးသည့် အလုပ်တို့ကို ဘေးရန်ကင်းစွာ ဆက်လက်လုပ်ဆောင်ရန် အကူအညီပေးပါလိမ့်မည်။
ပိုသင့်တော်မှုရှိသည့် အကူအညီကို ရရှိရန်အတွက် EU ဗီဇာလုပ်ထုံးလုပ်နည်းများကို နားလည်သည့် ဥပဒေကျွမ်းကျင်သူများ သို့မဟုတ် လူ့အခွင့်အရေးအဖွဲ့အစည်းတို့ထံ ဆက်သွယ်မေးမြန်းရန် ထည့်သွင်းစဉ်းစားသင့်ပါသည်။

# EU ဗီဇာကုဒ်လက်စွဲစာအုပ်တွင် အဓိက ပြင်ဆင်ထားချက်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတို့ (HRDs) အတွက် အကျိုးကျေးဇူးများ

### ၁။ နေထိုင်သူမဟုတ်သူများအတွက် ပြောင်းလွယ်ပြင်လွယ်ရှိမှု

ပုံမှန်အားဖြင့် သံရုံးများသည် ၎င်းတို့၏နိုင်ငံတွင်းနေထိုင်သူများအတွက်သာ ဗီဇာလျှောက်လွှာများကို လက်ခံစစ်ဆေးပါသည်။ သို့သော် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအနေဖြင့် မိမိတို့၏မူလနိုင်ငံသို့ ပြန်သွားရန် အန္တရာယ်များနေပါက အခြားဒေသမှ လျှောက်ထားနိုင်ပါသည်။ ထိုအချက်သည် ချက်ချင်း အန္တရာယ်ရင်ဆိုင်နေရမှု သို့မဟုတ် ဆိုးရွားပြင်းထန်သော အခြေအနေကြောင့် နိုင်ငံပြင်ပတွင် နေထိုင်နေရသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် အရေးပါသည်။*(Article 6 Visa Code & p. 29 Visa Handbook).*

### ၂။ တခြား EU သံရုံးများတွင် လျှောက်ထားခြင်း

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့သည် မိမိမူလနိုင်ငံရှိ သံရုံးတွင် ဗီဇာလျှောက်ထားခြင်းမှာ အန္တရာယ်ရှိပါက အခြားနိုင်ငံရှိ EU သံရုံးတို့တွင်လည်း လျှောက်ထားခွင့်ရှိသည်။ ဤသည်မှာ သင့်ဒေသအတွင်း အလွန်အန္တရာယ်များသည့် အခြေအနေဖြစ်လာပါက သင့်ကို ပိုမိုဘေးကင်းသော ရွေးချယ်ခွင့် ရရှိစေပါသည်။ *(Article 7 Visa Code & p. 31-32 Visa Handbook)*

### ၃။ အရေးပေါ်ဗီဇာလျှောက်ထားခြင်း

ဗီဇာလျှောက်လွှာများကို ပုံမှန်အားဖြင့် ၁၅ရက်ကြိုတင် လျှောက်ထားရမည်ဖြစ်သော်လည်း လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူများအနေဖြင့် အရေးပေါ်အန္တရာယ်တို့နှင့် ရင်ဆိုင်နေရသည်ဆိုပါက လျှောက်လွှာ စစ်ဆေးမှုကို လျင်မြန်စွာဆောင်ရွက်ပေးရန် သံရုံးများကို တိုက်တွန်းထားပါသည်။ ဤထဲတွင် ချက်ချင်း အန္တရာယ်နှင့် ရင်ဆိုင်ရသည့် အခြေအနေ သို့မဟုတ် အရေးပေါ်စည်းရုံးလှုံ့ဆော်ရေး အခမ်းအနား တက်ရောက်ရန် လိုအပ်သည့် အခြေအနေတို့ ပါဝင်သည်။. *(Article 9 Visa Code & p. 33 Visa Handbook)*

### ၄။ အန္တရာယ်များသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် ဦးစားပေး လုပ်ငန်းစဉ်များ

သံရုံးများအနေဖြင့် အန္တရာယ်များသော အခြေအနေတွင် ရှိနေသည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့ အတွက် အမြန်လမ်းကြောင်း လုပ်ထုံးလုပ်နည်းများ စီစဉ်ဆောင်ရွက်နိုင်ပါသည်။ ထိုလုပ်ဆောင်ချက်သည် အထူးသဖြင့် ရွေးကောက်ပွဲမတိုင်ခင် သို့မဟုတ် လူ့အခွင့်အရေးလှုပ်ရှားမှုတွေ ပြုလုပ်နေစဉ် ကဲ့သို့သော ထိခိုက်လွယ်ကာလတို့တွင် သင့်အား လိုအပ်သည့်အခါ ဗီဇာကို မြန်ဆန်စွာရရှိနိုင်စေနိုင်ရန် အထောက်အကူ ပြုပါသည်*(Article 9 Visa Code & p. 35 Visa Handbook)*

### ၅။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် ဗီဇာကြေး လျှော့ချခြင်း သို့မဟုတ် ပယ်ဖျက်ပေးခြင်း

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့၏ လုပ်ဆောင်ချက် အရေးပါမှုကို အသိအမှတ်ပြုသည့် အနေဖြင့် ဗီဇာကြေးများကို လျှော့ချ သို့မဟုတ် ပယ်ဖျက်ပေးနိုင်သည်။ ဤသည်မှာ စည်းရုံးလှုံ့ဆော်ရေး လုပ်ဆောင်ရန် သို့မဟုတ် သင်တန်းတက်ရန် သို့မဟုတ် အရေးပေါ်အခြေအနေတို့တွင် ခရီးသွားလာရန် ငွေကြေးကုန်ကျစရိတ် အခက်အခဲကို လျှော့ပါးစေရန် အကူအညီပေးပါသည်။. *(Article 16 Visa Code & p. 45 Visa Handbook)*

### ၆။ အသိအမှတ်ပြုခံထားရသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် လွယ်ကူသည့်လုပ်ငန်းစဉ်

သင်သည် ယုံကြည်စိတ်ချရသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတစ်ဦးအဖြစ် သို့မဟုတ် ယုံကြည်စိတ်ချရသော တတိယအဖွဲ့အစည်းတခုခုမှ အသိအမှတ်ပြုထားသူဖြစ်ပါက "bona fide" လျှောက်ထားသူအဖြစ် သတ်မှတ်ခံရနိုင်သည်။ ၎င်းသည် ဗီဇာလျှောက်လွှာလုပ်ငန်းစဉ်ကို လွယ်ကူစေပြီး အထောက်အထားများ (ဥပမာ ငွေကြေး အထောက်အထား သို့မဟုတ် နေရပ်အတည်ပြုချက်) တို့ ပြရန်လိုအပ်မှုကို လျှော့ချပေးပြီး ဗီဇာရရှိရန် ပိုမိုမြန်ဆန်စေသည်။ (*Article 14 Visa Code & p. 61 Visa Handbook)*

# EU ဗီဇာကုဒ်လက်စွဲစာအုပ်တွင် အဓိက ပြင်ဆင်ထားချက်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတို့ (HRDs) အတွက် အကျိုးကျေးဇူးများ

### ၇။ ဗီဇာရက်ကျော်နေထိုင်မှုအန္တရာယ်အပေါ် မျှတသည့် အကဲဖြတ်သုံးသပ်မှု

သံရုံးများသည် တစုံတယောက် ဗီဇာရက်ကျော်နေထိုင်မှုအန္တရာယ်ကို အကဲဖြတ်ရာတွင် ယုံကြည်ရသော လူ့အခွင့်အရေးအဖွဲ့အစည်းများမှ ရရှိသည့် သတင်းအချက်အလက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ထိုအချက်က လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့၏ အလုပ်နှင့် ပတ်သက်သည့် အထူးအခြေအနေနှင့် လုံခြုံမှုရှိသောအချိန်၌ မိမိနိုင်ငံသို့ ပြန်သွားပြီး ကတိကဝတ်အတိုင်း ကြိုးပမ်းလုပ်ဆောင်မှုတို့ကို မျှတစွာ အကဲဖြတ်မှုရှိစေပါသည်။ (Article 21 Visa Code & p. 77 Visa Handbook)

### ၈။ အကြိမ်ကြိမ်ဝင်ထွက်ခွင့် ဗီဇာ (Multi-Entry Visas) ဆက်လက်လုပ်ဆောင်မှု

ယုံကြည်စိတ်ချရသော အဖွဲ့အစည်း တစ်ရပ်မှ ထောက်ခံမှုရှိပါက သင်သည် ကာစကိတ်စနစ် (cascade system) ဖြင့် မသွားရဘဲ အကြိမ်ကြိမ်ဝင်ထွက်ခွင့် ဗီဇာ (Multi-entry Visa) အတွက် အရည်အချင်းပြည့်မီနိုင်ပါသည်။ ကာစကိတ်စနစ် (cascade system)သည် အရင်က တစ်ကြိမ်ဝင်ထွက်ခွင့် (single-entry) ဗီဇာတို့ကို မှန်ကန်စွာ အသုံးပြုမှုအပေါ် အခြေခံပြီး အကြိမ်ကြိမ်ဝင်ထွက်ခွင့်ဗီဇာ (Multi-entry Visa) ပေးသည့် စနစ်ဖြစ်သည်။ အကြိမ်ကြိမ်ဝင်ထွက်ခွင့်ဗီဇာ (Multi-entry Visa)သည် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် အထူးအသုံးဝင်ပြီး EU နိုင်ငံများအား အကြိမ်ကြိမ်အဝင်အထွက်လုပ်နိုင်ခွင့်ရှိပြီး အပြည်ပြည်ဆိုင်ရာ အစည်းအဝေးများ တက်ရောက်ရန်၊ စည်းရုံးလှုံ့ဆော်ရေး လှုပ်ရှားမှုများဆောင်ရွက်ရန် သို့မဟုတ် အရေးပေါ်အခြေအနေတို့တွင် လျင်မြန်စွာတုံ့ပြန်မှာ ဆောင်ရွက်ရန် ပိုမိုလွယ်ကူစေသည်။. (Article 24 Visa Code & p. 88 Visa Handbook)

### ၉။ အရေးပေါ် လူသွားချင်းစာနာမှုခရီးစဉ်အတွက် ကန့်သတ်ထားသော နယ်ပယ်သက်တမ်းဗီဇာ (LTV Visa)

နယ်ပယ်သက်တမ်းဗီဇာ (LTV ) ကို စံနှုန်းလိုအပ်ချက်များအားလုံး မပြည့်မီသော်လည်း လူ့အခွင့်အရေးဆိုင်ရာ အရေးပေါ် အလုပ်ကိစ္စအတွက် ခရီးသွားလာရန် လိုအပ်သည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့ အတွက် ထုတ်ပေးနိုင်ပါသည်။ ဤဗီဇာသည် သတ်မှတ်ထားသော EU နိုင်ငံများသို့ ခရီးသွားလာခွင့်ပေးပြီး မိမိနိုင်ငံအတွင်း ဖိနှိပ်မှု သို့မဟုတ် အန္တရာယ်များနှင့် ရင်ဆိုင်နေရသည့် အခြေအနေတို့တွင် လုပ်ကိုင်ဖြေရှင်းရ လွယ်ကူစေပါသည်။ (Article 25 Visa Code & p. 91 Visa Handbook)

### ၁၀။ ဗီဇာဆုံးဖြတ်ချက် အမြန်ချမှတ်ခြင်း

သံရုံးများသည် ယေဘူယျအားဖြင့် ဗီဇာ ဆုံးဖြတ်ချက်ကို ၁၅ရက်အတွင်း ချမှတ်လေ့ရှိသော်လည်း အရေးပေါ်အခြေအနေရှိနေသော လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် ဦးစားပေး ဆောင်ရွက် သင့်ပါသည်။ ထိုအချက်သည် အထူးသဖြင့် အန္တရာယ်နှင့် ရင်ဆိုင်နေရသည့် အခြေအနေ သို့မဟုတ် အရေးကြီးသော အခမ်းအနားများ တက်ရောက်ရန် လိုအပ်ချိန်တွင် သင့်ဗီဇာလျှောက်လွှာကို အမြန်ဆုံး ဆောင်ရွက်နိုင်စေရန် သေချာစေသည်။
(Article 23 Visa Code & p. 80 Visa Handbook).

### ၁၁။ နယ်စပ်တွင် အချိန်ကပ်၍ ဗီဇာလျှောက်ထားခြင်း

ခြွင်းချက်အခြေအနေတွင် (ဥပမာ ရုတ်တရက်အန္တရာယ် ကြုံတွေ့ရသောအခါ) ဗီဇာကြိုတင်လျှောက်မထား နိုင်သည့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့သည် EU နယ်စပ်တွင် ဗီဇာလျှောက်ထားနိုင်သည်။ ဤနည်းလမ်းသည် ပုံမှန်လုပ်ထုံးလုပ်နည်းများအတိုင်း လုပ်ဆောင်ရန် အချိန်မရှိသောအခါ အရေးပေါ် ကာကွယ်နိုင်ရန်အတွက် အရေးပါသည့် ရွေးချယ်စရာတစ်ခုဖြစ်ပါသည်။ (Article 35 Visa Code and p. 139-140 Visa Handbook)

### ၁၂။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူတို့အတွက် ဗီဇာသက်တမ်းတိုးခြင်း

သင့်အနေဖြင့် လူသိထင်ရှားပါဝင်မှုတခုနှင့် ဆက်စပ်ပြီး ခြိမ်းခြောက်ခံရမှုကဲ့သို့ မျှော်လင့်မထားသည့် အန္တရာယ်တို့ကြောင့် ဆက်လက်နေထိုင်ရန် လိုအပ်ပါက သင့်ဗီဇာကို သက်တမ်းတိုးပေးနိုင်ပါသည်။ ထိုအချက်မှာ မိမိနိုင်ငံတွင်း အခြေအနေ ပိုမိုကောင်းမွန်လာသည်အထိ တခြားနိုင်ငံတွင် လုံခြုံစွာနေထိုင် နိုင်စေပါသည်။ (Article 33 Visa Code and p. 146 Visa Handbook)

# ဤလမ်းညွှန်မှတ်စုကို ဘယ်လိုအသုံးပြုမလဲ

- **ဗီဇာလျှောက်လွှာအတွက်အထောက်အထားပြုပါ:** ဤလမ်းညွှန်မှတ်စုအတိုင်း သက်သေပြချက်များနှင့် မှတ်တမ်းများကို ထည့်သွင်း၍ သင်၏ဗီဇာလျှောက်လွှာအား ပိုမိုတိကျပြီးအောင်မြင်နိုင်စွမ်းမြှင့်တင်ပါ။
- **သင့်ဗီဇာအမှုအတွက်ထောက်ခံပါ:** ဤလမ်းညွှန်မှတ်စုကို အသုံးပြု၍ သင့်ဗီဇာလျှောက်လွှာအား တရားမျှတစွာနှင့် အမြန်ဆုံး ဆောင်ရွက်စေရန် တင်ပြပါ။ ထို့အပြင် ဤစာရွက်စာတမ်းတွင် ဖော်ပြထားသော လုပ်ထုံးလုပ်နည်းများနှင့် နိယာမများကို ညွှန်းပါ။
- **ဆွေးနွေးမှုစွမ်းရည်ကိုသင့်မြှင့်တင်ပါ:** သင့်ဗီဇာလျှောက်လွှာကို ငြင်းဆိုပါက EU Visa Code Handbook တွင်ဖော်ပြထားသော လူ့အခွင့်အရေးကာကွယ်သူများ (HRDs) အတွက် အထူးကာကွယ်မှုများကို အတူတူပြသ၍ သင့်ဆွေးနွေးမှုအတွက် အထောက်အထားပြုပါ။
- **ကိုးကားမှုအဖြစ်သုံးပါ:** ဤလမ်းညွှန်မှတ်စုကို သံရုံးများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ဆွေးနွေးရာတွင် ကိုးကားရန် အသုံးပြုပါ။ HRD များအတွက် သက်ဆိုင်သောဗီဇာလုပ်ငန်းစဉ်များအား ပိုမိုထိရောက်စွာ ဆောင်ရွက်စေရန်အတွက် ထောက်ခံချက်အဖြစ် အသုံးချနိုင်သည်။
- **သင်၏နိုင်ငံရှိ EU နှင့် EU အဖွဲ့ဝင်နိုင်ငံများ၏ သံရုံးတာဝန်ရှိသူများအား လေ့ကျင့်ပေးပါ:** HRD များ၏ လိုအပ်ချက်များနှင့် အခွင့်အရေးများကို နားလည်စေရန် သံရုံးတာဝန်ရှိသူများနှင့် သက်ဆိုင်သူများအား ဤမှတ်စုကို အသုံးပြု၍ လေ့ကျင့်ပေးပါ။ လူ့အခွင့်အရေးကာကွယ်သူများနှင့် လူမှုအသိုင်းအဝိုင်းများကို တိုင်ကြားဆောင်ရွက်ပေးပါ: သင့်ဖော်ထုပ်များနှင့် ညွှန်ကြားမှုများကို ဝေမျှပြီး ဤလမ်းညွှန်မှတ်စုအရ အသုံးချနိုင်စွမ်းများအား ထောက်ပံ့ပေးပါ။
- **လူ့အခွင့်အရေးကာကွယ်သူများနှင့် လူမှုအသိုင်းအဝိုင်းများကို တိုင်ကြားဆောင်ရွက်ပေးပါ:** သင့်ဖော်ထုပ်များနှင့် ညွှန်ကြားမှုများကို ဝေမျှပြီး ဤလမ်းညွှန်မှတ်စုအရ အသုံးချနိုင်စွမ်းများအား ထောက်ပံ့ပေးပါ။
- **အသိပညာမြှင့်တင်မှုလုပ်ဆောင်ပါ:** HRDs များအတွက် ပိုမိုလွယ်ကူသောဗီဇာလုပ်ထုံးလုပ်နည်းများ၏ အရေးပါမှုကို အများပြည်သူမီဒီယာနှင့် လှုပ်ရှားမှုများတွင် ဤမှတ်စုကို အသုံးပြု၍ အသိပညာပေးပါ။
- **နိုင်ငံတကာအဖွဲ့အစည်းများနှင့် အတူလက်တွဲဆောင်ရွက်ပါ:** ဤလမ်းညွှန်မှတ်စုကို လက်တွဲဖော်များနှင့် ဂိုဏ်းများ၊ အဖွဲ့အစည်းများနှင့် ဝေမျှပြီး HRD များကြုံတွေ့နေရသည့် အခက်အခဲများနှင့် အပြန်အလှန် ထောက်ခံမှုများကို ပြသပါ။
- **အကောင်အထည်ဖော်မှုကိုစောင့်ကြည့်ပါ:** သံရုံးတာဝန်ရှိသူများ၏ HRD များအတွက် သင့်တော်သော ဗီဇာလုပ်ထုံးလုပ်နည်းများအား ကုသိုလ်ပြုလုပ်မှုကို သင့်အနေဖြင့် ဤမှတ်စုကိုအသုံးပြု၍ စောင့်ကြည့် စစ်ဆေးပြီး တိုးတက်မှုလိုအပ်သည့် နေရာများကို သတ်မှတ်ပါ။

## Resources

**EU Visa Code Handbook, June 26, 2024:**
https://home-affairs.ec.europa.eu/document/download/1d79f44d-49ba-4847-951e-129f924b1051_en

**ProtectDefenders.eu Visa for Defenders: International Civil Society Organisations call for an effective and enabling EU Visa Framework for at-risk Human Rights Defenders:**
https://protectdefenders.eu/wp-content/uploads/2022/09/Update-112023-Joint-Statement-ProtectDefenders.eu-Visa-for-HRDs.pdf

**Updates to the EU Visa Code Handbook: encouraging news for human rights Defenders, July 2, 2024, UN Special Rapporteur on HRDs:**
https://srdefenders.org/resource/updates-to-the-eu-visa-code-handbook-encouraging-news-for-human-rights-defenders/

## ProtectDefenders.eu အကြောင်း

ProtectDefenders.eu သည် ကမ္ဘာတစ်ဝှမ်းရှိ အန္တရာယ်ရင်ဆိုင်နေရသည့် လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူတို့ကို အကာအကွယ်ပေးရန်နှင့် အခက်အခဲဆုံး အခြေအနေအတွင်း ၎င်းတို့၏ အလုပ်ကို အထောက်အပံ့ပေးရန် တည်ထောင်ထားသော ဥရောပသမဂ္ဂ လူ့အခွင့်အရေးကာကွယ်ရေးမဟာမိတ်စနစ် (uropean Union Human Rights Defenders mechanism) ဖြစ်ပါသည်။ ၎င်းကို လူ့အခွင့်အရေးဆိုင်ရာ လှုပ်ရှားမှုများတွင် တက်ကြွလှုပ်ရှားနေသည့် အဖွဲ့အစည်း ၁၂ ခုပါဝင်သည့် ပူးပေါင်းအဖွဲ့ (Consortium) တစ်ခုမှ ဦးဆောင်သည်။ ProtectDefenders.eu သည် စတင်တည်ထောင်ချိန်မှစ၍ လူ့အခွင့်အရေးကာကွယ် စောင့်ရှောက်သူနှင့် အဖွဲ့အစည်း စုစုပေါင်း ၁၀,၀၀၀ ကျော်ကို ပံ့ပိုးထောက်ပံ့လျက် ရှိပါသည်။

## ပိုမိုသိရှိရန်နှင့် ဆက်သွယ်ရန်

လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ မြေပြင်အခြေစိုက်အဖွဲ့အစည်းနှင့် အသိုင်းအဝိုင်းတို့အတွက် ငွေကြေးထောက်ပံ့သည့် အစီအစဉ်များအကြောင်းကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုဒ်တွင် ဝင်ရောက်လေ့လာနိုင်ပါသည်။

ကျွန်ုပ်တို့ကို လုံခြုံသော ဖောင် သို့မဟုတ် အီးမေးလ် contact@protectdefenders.eu မှတစ်ဆင့် ဆက်သွယ်နိုင်ပါသည်။.

This project is funded by the European Union

ဤထုတ်ဝေမှုကို ဥရောပသမဂ္ဂ၏ အကူအညီဖြင့် ထုတ်ဝေပါသည်။ ထုတ်ဝေမှုတွင်ပါရှိသည့် အကြောင်းအရာများသည် ProtectDefenders.eu ၏ တာဝန်သာဖြစ်ပြီး၊ ၎င်းအကြောင်းအရာများသည် ဥရောပသမဂ္ဂ၏ ရှုထောင့်သက်ရောက်မှုရှိသည်ဟု သတ်မှတ်၍ မရပါ။.